# စိုးရိမ်ပူပန်ရမှုကြီး

သေရတော့မည်ဟုသော အတွေးထက် အခြားသောလက်မှိုင်ချ စိတ်လျှော့ဖွယ်ရာ အတွေး မရှိတော့ပြီ။ ဘ၀အသက်တာ၏ အဆုံးတွင် သေခြင်း၏အခြားတစ်ဖက်၌ ရှိသော အရာကို ရင်ဆိုင်ကြရမည်။ နှုတ်ကပတ်ကျမ်းစာက ကောင်းကင် (သို့) ငရဲ တစ်ခုခုကို ရင်ဆိုင်ရမည်ဟု ပြောထားသည်။ ငရဲကို ရင်ဆိုင်ရမည့်အရေးကား အမှန်ရင်လေးစရာပင်။

လူအများစုအား သင်တို့သေပြီးနောက် ကောင်းကင်သို့ ရောက်မည်လားဟုမေးလျှင် များသောအားဖြင့် ‘‘မျှော်လင့်ရတာပဲ’’ (သို့) ‘‘ကျွန်ုပ်ရဲ့အကျင့်ကောင်းရင် ရောက်ကောင်းရောက်မှာပေါ့’’ ဟူ၍သာ ဖြေကြသည်။ အမှန်ဝန်ခံစတမ်းဆိုလျှင် ငရဲသို့ ရောက်မည်ဟူသော အတွေးက သူတို့ကို အမှန်ပင်ချောက်လှန့်ကြောင်း ဝန်ခံကြပေမည်။ သို့သော် နှုတ်ကပတ်တော်၌ ဘုရားရှင်က ကျွန်ုပ်တို့သည် ကောင်းကင်သို့ခရီးဦးတည်နေကြောင်း တိတိကျကျ သိနိုင်သည်ဟုပြောထားပါသည် (၁ယော၅း၁၃)။ သိနိုင်သည့် အကြောင်းရင်းကိုလည်း ပြောထားပါသည်။

ရှေ့ဦးစွာ ကျွန်ုပ်တို့ကောင်းကင်နိုင်ငံသို့ ဝင်စားနိုင်ရေး လိုအပ်ချက်များကို ယေရှုခရစ်တော်က ပြည့်စုံစေခဲ့ပြီး သောကြောင့် ဖြစ်သည်။ သူသည် အပြစ်တင်ခွင့် ကင်းသော အသက်တာနှင့် အသက်ရှင်ပြီး ကျွန်ုပ်တို့၏ အပြစ်ကိုပေးဆပ်ရန် ကားတိုင်ထက်၌ အသေခံခဲ့သည်။ ကျွန်ုပ်တို့အတွက် သူ၏စွန့်လွှတ်ပေးဆပ်မှုကို ဘုရားရှင်လက်ခံကြောင်း သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းဖြင့် သက်သေထူခဲ့သည်။ ကျွန်ုပ်တို့ဘာကိုမှ မလုပ်ဆောင်နိုင်ပါ။ ဘုရားရှင်ဆောင်ရွက်ပေးသော ကျေးဇူးတော်၏ အံ့ဖွယ်နိမိတ်လက္ခဏာပင်ဖြစ်သည်။

ဒုတိယအနေဖြင့် ကောင်းကင်နိုင်ငံတော်သို့ ပို့ဆောင်သောလမ်းသည် ကိုယ်ကျင့် တရားအားဖြင့် မဟုတ်ပြီ။ ယုံကြည်ခြင်းဖြင့်သာ ဖြစ်ရမည် (ဧ ၂း၈–၉)။ သခင်ယေရှု၏ အသေခံခြင်း၊ ဘုရားရှင်၏ ချစ်ခြင်း မေတ္တာဖြင့်ပေးသော အပြစ်လွတ်ခြင်းနှင့် စပ်လျဉ်း၍ သခင်ယေရှုအား ယုံကြည်ခြင်းအားဖြင့် သာ တုံ့ပြန်ရမည် (တ ၁၆း၃၁)။ ကျွန်ုပ်တို့၏ ဝိညာဉ်ရေး လိုအပ်ချက်ကိုပြည့်စုံစေသော ကယ်တင်ခြင်းဟူသည် ကျေးဇူးတော်အားဖြင့် အခမဲ့ပေးသော လက်ဆောင် ဖြစ်ပါသည်။

ခရစ်တော်ကျွန်ုပ်တို့အတွက် ပေးဆပ်ခဲ့သော အမှုကို ယုံကြည်လျက် ခရစ်တော် ကိုယ်တိုင်အားလက်ခံလျှင် ကျွန်ုပ်တို့အပြစ်ပြုမိစဉ် ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့၏ အခွင့်အရေးဆုံးရှုံးမည်ကို စိုးရိမ်စရာမလိုပေ။ ကျွန်ုပ်တို့နှင့် ခရစ်တော်ရှင်၏ ဆက်နွယ်မှုကြောင့် ဘုရားရှင်က ကျွန်ုပ်တို့ကို လက်ခံပေသည်။ ဘုရားရှင်သည် သူ၏ တစ်ပါးတည်းသောသားတော်ကို မပယ်ဖျက်ဘဲ ကျွန်ုပ်တို့ကိုလည်း မပယ်ဖျက်နိုင်ပါ။ ဤအမှုကို ဘုရားရှင်မည်သည့်အခါမှ မပြုပါ။ ကျွန်ုပ်တို့သည် သခင်ယေရှုအားယုံကြည် အပ်နှံပါက ထာဝရကာလအတွက် စိုးရိမ်ပူပန်စရာမလိုတော့ပြီ။

*မှတ်ချက်။ ။ နေ့စဉ်ခွန်အားစာစောင်မှ ကောက်နှုတ်တင်ပြထားပါသည်*

## လောကညှို့သည်

ညှို့သည်ဟူသည်
ခရီးထွက်လျှင်
စရိတ်လည်းထောက်
လမ်းလည်းသိမှ
ခရီးပေါက်မည်

ညှို့သည်ဟူသည်
လမ်းခရီး၌
ရေဆာတစ်လှည့်
ဗိုက်ဆာတစ်လှည့်
နွမ်းလျနေမည်

ညှို့သည်ဟူသည်
အိမ်ရှင်အကြိုက်
အလိုက်သိကာ
အိမ်ရှင်ကျွေးသမျှ
ကျေးဇူးတင်မည်

ညှို့သည်ဟူသည်
တည်းခိုနေခိုက်
သုံးလေသမျှ
အိမ်ပြန်သွားက
အကုန်ထားခဲ့မည်

ညှို့သည်ဖြစ်သူ
အကြင်လူသား
သင်၏အိမ်ကား
အဘယ်မှာနည်း
ဘယ်သောအခါ
ဘယ်အရပ်သို့
အဘယ်လမ်းဖြင့်
အိမ်ပြန်မည်နည်း

သံလွင်(E B S)